Myanmar Investment Commission

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် ( ၈/ ၂၀၁၉ )

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၉)အား ၂၀၁၉ ခုနှစ် မေလ (၂၉)ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၁)ခု၊ အတည်ပြုလုပ်ငန်း (၁၃)ခု စုစုပေါင်း (၁၄)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း(၁)ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၈)ခု၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု၊ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု၊ မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု၊ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြု လုပ်ငန်း (၂)ခု ခွင့်ပြုခဲ့သဖြင့် ယခု အစည်းအဝေးကာလ အတွင်း စုစုပေါင်းလုပ်ငန်း (၁၄)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၄၄.၈၅၂)သန်း ကိုခွင့်ပြု/ အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သား များအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၇,၇၈၉)ဦး ကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြုလုပ်ငန်း (၁၄)ခုမှာ စက်မှုကဏ္ဍမှ(၁၂)ခုနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမှ (၁)ခုနှင့် ဟိုတယ်ကဏ္ဍမှ (၁) ခု ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ မေလ (၂၉) ရက်နေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၆၉)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁,၇၄၇.၁၅၈)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ရင်းနှီး မြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၂,၄၉၉.၀၂၄) သန်းဖြစ်ပါသည်။

အထူးစီးပွားရေးဇုန် ဥပဒေအရ ၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ မေလ (၂၉) ရက်နေ့အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၁၉၆.၅၇၀) သန်းဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ မေလ (၂၉) ရက်နေ့ အထိ စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂,၆၉၅.၅၉၄) သန်းဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm

အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၃)ခု၊ အတည်ပြုလုပ်ငန်း (၁၃)ခု စုစုပေါင်းလုပ်ငန်း (၁၆)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း (၃)ခုနှင့် အတည်ပြုလုပ်ငန်း(၂)၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း(၃)ခု၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂)ခု၊ စစ်ကိုင်းတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂)ခု၊ တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု၊ ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခုနှင့် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂)ခု ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၅၅.၃၉၅)သန်း အပါအဝင် ကျပ် (၁၃၂,၃၂၇.၂၈၅)သန်း ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၁,၂၇၇)ဦး ကိုဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြု လုပ်ငန်း (၁၆)ခုမှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍမှ (၁)ခု၊ စက်မှုကဏ္ဍမှ (၇)ခု၊ အိမ်ယာကဏ္ဍမှ (၁)ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍမှ (၁)ခုနှင့် အခြားကဏ္ဍမှ (၆)ခု ဖြစ်ပါသည်။

၂၀၁၈–၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁)ရက်နေ့မှ မေလ (၂၉)ရက်နေ့အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၀၇)ခု၊ အမေရိကန်ဒေါ်လာ (၃၀၁.၂၆၀)သန်း အပါအဝင် ကျပ် (၈၂၁,၅၆၃.၂၈၆) သန်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၃၆၇.၃၉၈) သန်း အပါ အဝင် ကျပ် (၁,၀၃၉,၃၁၀.၀၉၅) သန်း ဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm